# Information Sheet



VOLUME IV, ISSUE 12 4 October 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၊ နှစ်(၁၀၀)ပြည့် အခမ်းအနား၊ ဓာတ်ရောင်ခြည် နှင့်ကင်ဆာရောဂါကုသဆောင်ဖွင့်ပွဲနှင့် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ချီးမြှင့် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်းသား အရာရှိများ၊ နည်းပြအရာရှိများနှင့် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား | ၉ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တက္ကသိုလ်ရှိ နည်းပြ အရာရှိများ၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသားဗိုလ်လောင်းများအား တွေ့ဆုံ အမှာစကားပြောကြား | ၁၁ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၆၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ် | ၁၃ |
| ၅ | (၃/၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးတွင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း အပါအဝင် လုပ်ငန်းသစ် ၆ ခုကို ခွင့်ပြု | ၁၅ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ | ၁၆ |
| ၇ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Package Tour အစီအစဉ်ဖြင့် လာရောက်သော တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ကြိုဆိုတွေ့ဆုံ | ၁၇ |
| ၈ | အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ | ၁၈ |
| ၉ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၂၀ |
| ၁၀ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များအားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၁ |
| ၁၁ | မြန်မာနိုင်ငံသို့ ယခုနှစ်ရှစ်လတာကာလအတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ၇၅၀,၀၀၀ ကျော်ဝင်ရောက် | ၂၁ |

# Information Sheet

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၊ နှစ်(၁၀၀)ပြည့် အခမ်းအနား၊ ခေတ်ရောင်ခြည်နှင့်ကင်ဆာရောဂါကုသဆောင်ဖွင့်ပွဲနှင့် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ချီးမြှင့်**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှတ် (၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးနေမှု**

အမှတ် (၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) နှစ်(၁၀၀) ပြည့်အခမ်းအနား၊ ခေတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသဆောင်ဖွင့်ပွဲနှင့် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာလ ၂ ရက်တွင် ပြင်ဦးလွင်မြို့ရှိ အဆိုပါဆေးရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားများသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အငြိမ်းစားဆေးဝန်ထမ်းတပ်ဖွဲ့ဝင် အရာရှိကြီးများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ဆိုင်းဘုတ်နှင့် ခေတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသဆောင် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ခေတ်ရောင်ခြည်နှင့် ကင်ဆာကုသဆောင်အတွင်း လှည့်လည်ကြည့်ရှု၍ ကင်ဆာဆောင်၌ ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှတ် (၁)တပ်မ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဓာတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသဆောင် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးနေမှု**

တော်ဆေးရုံ(ခုတင်-၇၀၀)၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်နှင့် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲအထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင်-

- ဆေးဝန်ထမ်းတပ်ဖွဲ့၏ သုတေသနဆောင်ရွက်ချက်များကို နိုင်ငံတကာအထိ ရောက်ရှိအောင် တင်ပြနိုင်သည့် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို ရည်လျားလှသော သမိုင်းကြောင်းရှိသည့် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)(ပြင်ဦးလွင်)၌ ကျင်းပနိုင်ခဲ့ခြင်းသည် အလွန်ပင်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။
- ၁၉၂၃ ခုနှစ်တွင် အင်္ဂလိပ်တို့သည် British Milirty Hospital အဖြစ် ပြင်ဦးလွင်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စတင်ဖွဲ့စည်းစဉ်က ခုတင်- ၂၅ လုံးဆံ့ ဆေးရုံအဖြစ် စတင်တည်ထောင်ထားရှိခဲ့ကာ ၂၀၀၂ ခုနှစ်တွင် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) အဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်ခဲ့ကြောင်း။
- ဆေးရုံစတင်ဖွင့်လှစ်ချိန် အစောပိုင်းကာလများ၌ အထွေထွေကုသမှုများကိုသာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်မှုများကြောင့် အဆင့်မြင့်အထူးကုသမှုများအား တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း။
- ဆေးရုံကြီး၏ ထူးခြားသော စွမ်းဆောင်ရည်များအနေဖြင့် ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ဆေးပညာကုသမှုဌာနအား ၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး လူနာပေါင်း ၇၀၀၀ ကျော်ကို သွေးသန့်စင်ပေးနိုင်မှု အကြိမ်အနေဖြင့် ၁၉၂၅၀ ခန့်နှင့် မှန်ပြောင်းမှတစ်ဆင့် သည်းခြေကျောက်တည်လူနာ ၁၁၉၄ ဦး အပါအဝင် စုစုပေါင်းလူနာ ၉၉၃၀ ဦးကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။
- နှလုံးကုသမှုဆေးပညာဌာနကို ၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်အထိ နှလုံးသွေးကြောချဲ့ကုသခြင်း ၃၅၅ ဦးအပါအဝင် စုစုပေါင်းလူနာ ၁၅၈၅ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း။
- ကျောက်ကပ်နှင့်ဆီးလမ်းကြောင်း ခွဲစိတ်ကုသမှုဌာနအနေဖြင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသပေးနိုင်ခဲ့သော လူနာ ၃၈ ဦးအပါအဝင် စုစုပေါင်းလူနာ ၁၉၇၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဌာနအနေဖြင့် အရေးပေါ်ခွဲစိတ်ကုသခြင်း အပါအဝင် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ စုစုပေါင်း ၇၈၁ ဦး၊ ထိခိုက်ဒဏ်ရာနှင့် အရိုးအကြောကုသမှုဌာနအနေဖြင့် အရိုးရောဂါအကြီးစား ခွဲစိတ်ကုသမှုပေါင်း ၂၆၈၄ ဦး ၊ အသေးစားခွဲစိတ်ကုသမှုပေါင်း ၃၄၆၉ ဦး ၊ စုစုပေါင်းလူနာ ၆၁၅၃ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားနေမှု**

- ဆေးရုံကြီးတွင် ရောဂါရှာဖွေမှုများကို ဆောင်ရွက်လျက်ရှိသည့် ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာနအနေနှင့် ကွန်ပျူတာဓာတ်မှန်စက် (CT Scan) အသုံးပြု၍ ရောဂါရှာဖွေခြင်း ၇၆၆၉ ဦး၊ သံလိုက်လိုင်း အသုံးပြုရောဂါရှာဖွေခြင်း (MRI Scan) ၂၃၁၀ ဦး အပါအဝင် စုစုပေါင်းလူနာ ၁၂၂၄၈ ဦးအား ရောဂါရှာဖွေခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

- ဆေးရုံကြီးဖွင့်လှစ်ချိန်မှစ၍ ယနေ့အချိန်အထိ ကလေးငယ်ပေါင်း ၃၁၀၇၁ ဦးကို မွေးဖွားသန့်စင်ပေးနိုင်ခဲ့ပြီး ယခုကဲ့သို့ အန္တရာယ်ကင်းစွာဖြင့် မွေးဖွားပေးနိုင်ခဲ့သည့်အတွက် အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းစေနိုင်ခဲ့ကြောင်း။

- သုတေသနများမှ ရရှိလာသော တွေ့ရှိချက်များအား ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ကာကွယ်နှိမ်နင်းရေး နယ်ပယ်များတွင် အသုံးပြုခြင်းအားဖြင့် တပ်မတော်နှင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစွာရှိစေခဲ့ပြီး အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် သုတေသနတွေ့ရှိချက်များသည် အောင်မြင်မှုများ များစွာရရှိခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

- ယခုကျင်းပသည့် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို **“ကျန်းမာရေးစနစ် ပြောင်းလဲမှုများတွင် တပ်မတော်ဆေးပညာရှင်များ၏ စွမ်းရည်မြှင့်တင်ခြင်း”** ဆိုသည့်ခေါင်းစဉ်ကို အခြေခံပြီး ဆွေးနွေးသွားမှာဖြစ်ကြောင်း။

- ဖတ်ကြားတင်သွင်းဆွေးနွေးကြမည့်စာတမ်းများ၊ ပိုစတာများတွင် ဉာဏ်ရည်တုနည်းပညာ၊ ကူးစက်ရောဂါနှင့် မကူးစက်တတ်သောရောဂါများ၊ အာဟာရသုတေသနဆိုင်ရာများ၊ ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးခွဲစိတ်ကုသမှုဆိုင်ရာများ၊ ပြန်လည်သန်စွမ်းရေး ဆေးပညာဆိုင်ရာများ၊ အဆင့်မြင့်ကင်ဆာကုထုံးဆိုင်ရာများ၊ စစ်မြေပြင်ဆေးကာကွယ်ပေးခြင်းဆိုင်ရာ သုတေသနများစသည့် ကဏ္ဍအစုံလွှမ်းခြုံပါဝင်နေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

- ရောဂါကုသမှုများနှင့်ပတ်သက်၍ ဆေးရုံများကိုလည်း အဆင့်မြှင့်တင်ခဲ့ရာ ယခုအချိန်တွင် ကျောက်ကပ်အစားထိုးကုသနိုင်သောဆေးရုံ ၄ ရုံ၊ အသည်းအစားထိုး ကုသနိုင်သောဆေးရုံ ၁ ရုံ၊ နှလုံးသွေးကြောရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသနိုင်သောဆေးရုံ ၄ ရုံ၊ နှလုံးခွဲစိတ်ကုသနိုင်သောဆေးရုံ ၂ ရုံ၊ အစာအိမ်နှင့် အူလမ်းကြောင်း




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် အခမ်းအနားတက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေမှု**

ကို မှန်ပြောင်းဖြင့်ခွဲစိတ်ကုသနိုင်သောဆေးရုံ ၅ ရုံရှိပြီး ဖြစ်ကြောင်း။

- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်း ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်စွန့်ခွာမှုများ ပြုလုပ်လာခဲ့သည့်အတွက် နိုင်ငံတစ်ဝှမ်းရှိသည့် ကျန်းမာရေးဝန်ထမ်းအင်အားသည် များစွာလျော့နည်းခဲ့ရကြောင်း။
- ထိုသို့လျော့နည်းခဲ့သည့်အတွက် လစ်ဟာသွားသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) အပါအဝင် တပ်မတော်ဆေးရုံ၊ ဆေးတပ်များမှ တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ ပြင်ပလူနာ (၅၁၀၃၆၃) ဦး၊ ဆေးရုံတက်လူနာ(၁၅၅၂၁၇)ဦး တို့ကို ပြုစုစောင့်ရှောက်ပေးနိုင်ခဲ့ပါကြောင်း။
- တပ်မတော်အနေဖြင့် နိုင်ငံအနှံ့အပြားတွင်ရှိသည့် ဆေးရုံ၊ ဆေးတပ်များတွင် တာဝန်ထမ်းဆောင်ရန် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးနိုင်ရန် အတွက်လည်း ကြိုးစားဆောင်ရွက်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း။
- တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ဆေးပညာဘွဲ့များ အပြင် ပညာရပ်ပိုင်းဆိုင်ရာ အဆင့်မြင့်ဘွဲ့များဖြစ်သည့် ဆေးပညာဘွဲ့လွန် ဒီပလိုမာအမျိုးအစားပေါင်း ၁၆ ခု၊ ဆေးပညာမဟာသိပ္ပံဘွဲ့အမျိုးအစားပေါင်း ၂၇ ခုနှင့် ပါရဂူဘွဲ့အမျိုးအစားပေါင်း ၃၄ ခု တို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပြီးဖြစ်ကြောင်း။
- ထို့သို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည့်အတွက် ယခုအချိန်အထိ ဆေးပညာဘွဲ့ရရှိသူ ၄၈၄၅ ဦး၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိသူ ၈၉ ဦး၊ ဒီပလိုမာဘွဲ့ရရှိသူ ၅၉၀ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိသူ ၂၇၈၂ ဦး၊ သွားဘက်ဆိုင်ရာမဟာသိပ္ပံဘွဲ့ရရှိသူ ၅၀ ဦးနှင့် ပါရဂူဘွဲ့ရရှိသူ ၄၂၁ ဦးရှိခဲ့သည်ကို တွေ့ရှိရကြောင်း။
- နိုင်ငံတကာတက္ကသိုလ်များမှ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိသူ ၄၀ ဦး၊ ပါရဂူဘွဲ့ရရှိသူ ၂၄ ဦးနှင့် တော်ဝင်သမားတော်ဘွဲ့ရရှိသူ ၂၂၇ ဦးတို့ ရှိခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း။
- တပ်မတော်ဆေးတက္ကသိုလ်နည်းတူ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တွင်လည်း သူနာပြုနှင့် ဆေးဘက်ဆိုင်ရာဒီပလိုမာသင်တန်း ၇ မျိုး၊ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာဘွဲ့လွန်သင်တန်းအမျိုးအစား ၆ ခုနှင့် ပါရဂူသင်တန်းအမျိုးအစား ၃ ခုတို့ကို တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။
- ထိုသို့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သူနာပြုနှင့် ကျွမ်း



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကင်ဆာဆောင်၌ တက်ရောက်ဆေးကုသ မှုခံယူလျက်ရှိသည့်လူနာများအား ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်နေမှု**

ကျင်သူ စုစုပေါင်း ၄၁၅၈ ဦး၊ ဘွဲ့လွန်ဒီပလိုမာရရှိသူ ၅၂၆ ဦး၊ မဟာဘွဲ့ရရှိသူ ၆၄၁ ဦးနှင့် ပါရဂူဘွဲ့ရရှိသူ ၃၀ ဦး ရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

- သူနာပြုနှင့် ကျွမ်းကျင်သူများကို နိုင်ငံတကာသို့ စေလွှတ်ပြီး ပညာသင်စေခဲ့ရာ နိုင်ငံတကာတက္ကသိုလ်များမှ မဟာဘွဲ့ရရှိသူ ၅ ဦးနှင့် ပါရဂူဘွဲ့ရရှိသူ ၂ ဦး ရှိခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း။

- ကင်ဆာလူနာများအတွက် ဓာတ်ရောင်ခြည်ကုသမှုလိုအပ်ချက်သည် များပြားလာသည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ယူချိန်မှစပြီး Linear Accelerator (LA) ဟု ခေါ်သည့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်ကြီးများနှင့် ခေတ်မီကုသရေးအဆောက်အဦများကို တပ်မတော်ဆေးရုံကြီးများတွင် တိုးချဲ့ဆောက်လုပ်တပ်ဆင်ပေးခဲ့ကြောင်း။

- ယခင်က အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) (ရန်ကုန်)နှင့် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) (အောင်ပန်း)တို့၌သာအဆိုပါစက်ကြီးများဖြင့် ကုသရာမှ ယခုအခါတွင် အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) (ပြင်ဦးလွင်)မှာပင် တပ်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

- နေပြည်တော်တွင်ရှိသည့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) တွင်လည်း Cyberknife ဟုခေါ်သည့် အဆင့်မြင့်ဓာတ်ရောင်ခြည်ကုသစက် ၁ လုံး ရှိနေသည့်အတွက် ယနေ့အခါ တပ်မတော်ဆေးရုံကြီး ၄ ရုံတွင် ကင်ဆာရောဂါဝေဒနာရှင်များကို ခွဲစိတ်ခြင်း၊ ဓာတ်ရောင်ခြည်ဖြင့်ကုသခြင်း၊ ကင်ဆာဆေးများဖြင့် ကုသခြင်းအစရှိသည့် ပြီးပြည့်စုံသော ကင်ဆာကုသမှုများကို ပြုလုပ်ပေးနိုင်တော့မှာဖြစ်ကြောင်း။

- ဆေးဝန်ထမ်းတပ်ဖွဲ့များသည် ပြည်သူလူထုအကျိုးပြုဆေးကုသမှုလုပ်ငန်းများကို သာမန်အချိန်များတွင်သာမက သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အချိန်များတွင်လည်း ရှေ့တန်းက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သည်ကို ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်ဆိုင်းကလုန်းမုန်တိုင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သည့် ဂီရီဆိုင်ကလုန်းမုန်တိုင်းနှင့် ၂၀၁၁ ၊ ၂၀၁၅၊ ၂၀၁၆ ၊ ၂၀၁၈ နှင့် ၂၀၂၀ ပြည့်နှစ်များတွင် ဖြစ်ပွားခဲ့သည့် ရေဘေးအန္တရာယ်များတွင် တွေ့ရမှာဖြစ်ကြောင်း။

- ၂၀၂၃ ခုနှစ်အတွင်း မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ရာ ရခိုင်ပြည်နယ်ရှိ မြို့နယ်(၈)မြို့နယ်တွင် ဆေးဝန်ထမ်းတပ်ဖွဲ့မှ အထူးဆေးကုသအဖွဲ့ ၂ ဖွဲ့နှင့် ကူညီကယ်ဆယ်ရေးဆေးအဖွဲ့ ၁၀ ဖွဲ့ စေလွှတ်ပြီး ဒေသခံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဓာတ်ရောင်ခြည်နှင့်ကင်ဆာရောဂါ ကုသဆောင်အတွင်း လှည့်လည်ကြည့်ရှုနေမှု**

ပြည်သူလူထု စုစုပေါင်း ၂၈၃၄၉ ဦးအတွက် ဆေးကုသမှုနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ပေးခဲ့ကြကြောင်း။

- ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်အနေဖြင့် ရွေ့လျားဆေးကုသယာဉ် ၆ စီး၊ အထူးစမ်းသပ်စစ်ဆေးသည့် ဓာတ်ခွဲခန်းယာဉ် ၁ စီး၊ ပင်လယ်သွားဆေးရုံရေယာဉ် ၁ စီးနှင့် မြစ်တွင်းသွားဆေးရုံရေယာဉ် ၁ စီးတို့ကို ဝယ်ယူဖြည့်တင်းပေးထားခဲ့ကြောင်း။
- ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြည်သူအကျိုးပြုဆေးကုသမှုများဆောင်ရွက်ရာတွင် ဝေးလံခေါင်ဖျားဒေသများဖြစ်သည့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကိုလည်း သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း။
- ၂၀၁၆ ခုနှစ်မှစပြီး ပါရဂူများ ၊ ဆေးမှူးအရာရှိများကို ၄ ကြိမ်တိုင်တိုင် စေလွှတ်ခဲ့ရာ ယခု စတုတ္ထအကြိမ်မြောက်တွင် ပါရဂူ/ဆေးမှူး ၁၈ ဦးသည် တိုင်းရင်းသားညီအစ်ကိုများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးလည်မသုန် ဆောင်ရွက်လျက်ရှိကြောင်း။
- ပထမအကြိမ်စေလွှတ်ခဲ့ချိန်တွင် ဒေသခံပြည်သူလူထု ၂၀၂၃၃၂ ဦး၊ ဒုတိယအကြိမ်တွင် ၁၇၁၀၈၄ ဦးနှင့် တတိယအကြိမ်တွင် ၉၃၆၀၀ ဦး၊ စုစုပေါင်း ၄၆၇၀၁၆ ဦးတို့ကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း။
- ၎င်းသည် မိမိတို့တပ်မတော်၏ တိုင်းရင်းသားပြည်သူများ၏ အရေးနှင့်ပတ်သက်၍ အစဉ်အမြဲ ဦးထိပ်ထားဆောင်ရွက်ပေးနေခြင်းကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။
- နှစ်ပေါင်း(၁၀၀)ကာလအတွင်းတွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသည့် အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ကျွမ်းကျင်သူများနှင့် စစ်သည်များအားလုံးကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း။
- ဆေးတပ်ဖွဲ့ဝင်များအနေဖြင့် ယခုလို အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းရင်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တပ်မတော်သားများနှင့် မိသားစုများ၏ ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများတွင် ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါစေကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ဆုရရှိသည့် အရာရှိ ၁ ဦးအား လည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်ဆုရရှိသည့် စစ်သည် ၁ ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်ခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် အငြိမ်းစားဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး အကြိမ်(၃၀) မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲပိုစတာများ၊ ဆေးနှင့်ဆေးပစ္စည်းပြခန်းများနှင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၁၀-၂၀၂၃)**


- **အမှတ် (၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) ဆေးရုံစတင်ဖွင့်လှစ်ချိန် အစောပိုင်းကာလများ၌ အထွေထွေကုသမှုများကိုသာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်မှုများကြောင့် အဆင့်မြင့် အထူးကုသမှုများအား တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နိုင်ခဲ့။**
- **ဆေးရုံကြီးဖွင့်လှစ်ချိန်မှစ၍ ယနေ့အချိန်အထိ ကလေးငယ်ပေါင်း ၃၁၀၇၁ ဦးကို မွေးဖွားသန့်စင်ပေးနိုင်ခဲ့ပြီး ယခုကဲ့သို့ အန္တရာယ်ကင်းစွာဖြင့် မွေးဖွားပေးနိုင်ခဲ့သည့်အတွက် အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ခဲ့။**
- **တပ်မတော်အနေဖြင့် နိုင်ငံအနှံ့အပြားတွင်ရှိသည့် ဆေးရုံ၊ ဆေးတပ်များတွင် တာဝန်ထမ်းဆောင်ရန် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးနိုင်ရန်အတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိ။**
- **တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်များအနေဖြင့် ဆေးပညာဘွဲ့များနှင့် ပညာရပ်ပိုင်းဆိုင်ရာ အဆင့်မြင့်ဘွဲ့များ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပြီးဖြစ်သည့်အပြင် နိုင်ငံတကာသို့ ပညာတော်သင်များစေလွှတ်ပြီး ပညာသင်စေနိုင်ခဲ့။**
- **တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ယူချိန်မှစပြီး Linear Accelerator (LA) ဟု ခေါ်သည့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်ကြီးများနှင့် ခေတ်မီကုသရေးအဆောက်အဦများကို တပ်မတော်ဆေးရုံကြီးများတွင် တိုးချဲ့ဆောက်လုပ်တပ်ဆင်ပေးခဲ့။**
- **ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြည်သူအကျိုးပြုဆေးကုသမှုများ ဆောင်ရွက်ရာတွင် ဝေးလံခေါင်ဖျားဒေသများဖြစ်သည့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကိုလည်း သွားရောက်တာဝန်ထမ်းဆောင်ခဲ့။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဆေးနှင့်ဆေးပစ္စည်းပြခန်းများနှင့် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဆုရရှိသည့် အရာရှိတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်နေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်းသားအရာရှိများ၊ နည်းပြအရာရှိများနှင့် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အောက်တိုဘာလ ၂ ရက်တွင် ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်းသားအရာရှိများ၊ နည်းပြအရာရှိများနှင့် မိသားစုများအား စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်နယ်ရှိ သင်တန်းသား၊ နည်းပြအရာရှိများနှင့် မိသားစုများ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင်-

- နိုင်ငံရေးအရ၊ စီးပွားရေးအရ မိမိတို့နိုင်ငံအပေါ် ပိတ်ဆို့မှုများရှိသော်လည်း စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့်အတိုင်း နိုင်ငံသူ၊ နိုင်ငံသားအားလုံး မိမိတို့အစိုးရနှင့်အတူ စည်းစည်းလုံးလုံးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။
- လက်ရှိဖြစ်ပွားနေသော နိုင်ငံတကာပဋိပက္ခများတွင် ကမ္ဘာ့စီးပွားရေးထိခိုက်မှုများကို နိုင်ငံအားလုံး အနည်းနှင့်အများ ခံစားနေကြရသည့်အခြေအနေတွင် မိမိတို့နိုင်ငံအနေဖြင့် ထိခိုက်မှုများရှိခဲ့သော်လည်း အထိုက်အလျောက်စီးပွားရေးတိုးတက်မှု ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။
- ထာဝရငြိမ်းချမ်းရေးအတွက်လည်း နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် အမြဲတမ်းပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်လျက်ရှိသကဲ့သို့ လက်မှတ်ရေးထိုးရန်ကျန်ရှိသောအဖွဲ့များနှင့် NCA လမ်းကြောင်းအပါအဝင် လွှတ်တော်လမ်းကြောင်းမှတစ်ဆင့် မိမိတို့၏လိုအင်ဆန္ဒများကို တရားဝင်တောင်းဆိုခွင့်ရရှိရေးကိုလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ်အပြန်အလှန် ပွင့်လင်းမြင်သာစွာ ဆွေးနွေးလျက်ရှိကြောင်း။
- တပ်မတော်သားတိုင်း၏ တာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သကဲ့သို့၊ တာဝန်ထမ်းဆောင်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်၊ နိုင်ငံ၏ ရည်မှန်းချက်

၂ ရပ်နှင့် အမျိုးသားရေးရည်မှန်းချက် ၂ ရပ် အကောင်အထည်ဖော်ရာတွင် တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမှာဖြစ်ပြီး ထိုသို့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်မှာ တိုက်စွမ်းအား၊ တိုက်စွမ်းရည်တိုးတက်မြင့်မားရန် အရေးကြီးကြောင်း။

- ပြင်ဦးလွင်တပ်နယ်သည် တပ်မတော်၏ လူ့စွမ်းအားအရင်းအမြစ်ကို စနစ်တကျ မွေးထုတ်ပေးနေသည့် တပ်နယ်ကြီးတစ်ခုဖြစ်ပြီး အဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း။
- တပ်နယ်ရှိ သင်တန်းကျောင်းအသီးသီးမှ နည်းပြများအနေဖြင့် မိမိတို့ကိုယ်တိုင် ပညာပြည့်ဝနေအောင် မပြတ်လေ့လာဆည်းပူးနေရန် လိုအပ်သကဲ့သို့ သင်ကြားသင်ယူနေသည့် သင်တန်းသားများ အမှန်တကယ် တတ်မြောက်ကျွမ်းကျင်ရန် စေတနာထား၍ မိမိတို့ထက်တော်သည့် တတ်သည့် တပည့်များဖြစ်အောင် သင်ကြားလေ့ကျင့်ပေးရန်လည်းလိုကြောင်း။
- ကွပ်ကဲကြပ်မတ်ရသည့် တာဝန်ရှိသူများအနေဖြင့်လည်း ကွပ်ကဲမှုအောက် အရာရှိ၊ စစ်သည်များကို မိမိ၏မိသားစုများသဖွယ်ခံယူပြီး သက်သာချောင်ချိမှုကို အလေးထားဖြည့်ဆည်းပေးနေရန်လိုကြောင်း။
- အပိုဝင်ငွေရရှိရေးနှင့် စားရေးအထောက်အကူပြုနိုင်သည့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ မိမိအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၁၀-၂၀၂၃)**

- **နိုင်ငံရေးအရ၊ စီးပွားရေးအရ မိမိတို့နိုင်ငံအပေါ် ပိတ်ဆို့မှုများရှိသော်လည်း စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့်အတိုင်း နိုင်ငံသူ၊ နိုင်ငံသားအားလုံး မိမိတို့အစိုးရနှင့်အတူ စည်းစည်းလုံးလုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**
- **လက်ရှိဖြစ်ပွားနေသော နိုင်ငံတကာပဋိပက္ခများတွင် ကမ္ဘာ့စီးပွားရေးထိခိုက်မှုများကို နိုင်ငံအားလုံး အနည်းနှင့်အများ ခံစားနေကြရသည့်အခြေအနေတွင် မိမိတို့နိုင်ငံအနေဖြင့် ထိခိုက်မှုများရှိခဲ့သော်လည်း အထိုက်အလျောက်စီးပွားရေးတိုးတက်မှု ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့။**
- **ထာဝရငြိမ်းချမ်းရေးအတွက်လည်း နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် အမြဲတမ်းပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်လျက်ရှိသကဲ့သို့ လက်မှတ်ရေးထိုးရန်ကျန်ရှိသောအဖွဲ့များနှင့် NCA လမ်းကြောင်းအပါအဝင်လွှတ်တော်လမ်းကြောင်းမှတစ်ဆင့် မိမိတို့၏လိုအင်ဆန္ဒများကို တရားဝင်တောင်းဆိုခွင့်ရရှိရေးကိုလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် အပြန်အလှန် ပွင့်လင်းမြင်သာစွာ ဆွေးနွေးလျက်ရှိ။**
- **ကွပ်ကဲကြပ်မတ်ရသည့် တာဝန်ရှိသူများအနေဖြင့်လည်း ကွပ်ကဲမှုအောက် အရာရှိ၊ စစ်သည်များကို မိမိ၏မိသားစုများသဖွယ်ခံယူပြီး သက်သာချောင်ချိမှုကို အလေးထား ဖြည့်ဆည်းပေးနေရန်လို။**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်နေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တက္ကသိုလ်ရှိနည်းပြအရာရှိများ၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသားဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အောက်တိုဘာလ ၃ ရက်တွင် စစ်တက္ကသိုလ်ရှိ နည်းပြအရာရှိများ၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသားဗိုလ်လောင်းများအား စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင်-

- စာပေပညာ၊ စစ်ပညာများကို သင်ကြားပေးနေသော နည်းပြများအနေဖြင့် မိမိတို့ သင်ကြားပေးရသည့် ဘာသာရပ်များကို ကိုယ်တိုင်ကျွမ်းကျင်စွာတတ်မြောက်ရန် လိုအပ်ပြီး ပြောင်းလဲတိုးတက်နေသော Revolutionary of Military Affair (RMA) စစ်မှုရေးရာ တော်လှန်ပြောင်းလဲမှု နည်းပညာများနှင့် လိုက်လျောညီထွေ တတ်သိနေရန်အတွက် စဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားရန်လိုကြောင်း။
- နည်းပြများအနေဖြင့် အိုးကောင်းရရှိရန် အကြိမ်ကြိမ်ထုဆစ်ပြုပြင်ရသည့် အိုးထိန်းသည်ကဲ့သို့ ကျင့်ကြံ၍ တပည့်

များကို အကြိမ်ကြိမ်အဖန်ဖန် သွန်သင်ဆုံးမပြုပြင်ပေးနေရန်လိုကြောင်း။

- တပ်မတော်လေ့ကျင့်ရေးဆောင်ပုဒ်ဖြစ်သည့် ချွေးထွက်များမှ သွေးထွက်နည်းမည် ဟူသည့်ဆောင်ပုဒ်အတိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးနေရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်က အားကိုးအားထားပြုနိုင်သည့် စံပြစစ်ဘက်ခေါင်းဆောင်ကောင်းများဖြစ်လာမည်ဖြစ်ကြောင်း။
- စစ်ဘက်နှင့် စာပေပညာသင်ကြားပေးသော နည်းပြများအနေဖြင့် မိမိတို့တတ်သိသည့် စစ်ဘက်ပညာ၊ စာပေပညာရပ်များနှင့် ဖြတ်သန်းခဲ့ရသည့် လက်တွေ့ဘဝအတွေ့အကြုံ၊ အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်ခဲ့မှုများအပေါ် မူတည်လျက် တပည့်များ မိမိကဲ့သို့ တတ်ကျွမ်းနားလည်အောင် ကိုယ်ချင်းစာတရားဖြင့် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။
- စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ ဘဝပေါင်းများစွာသည် ခေါင်းဆောင်၏ပုခုံးထက်တွင် မှီတည်နေသဖြင့် သင်ကြားတတ်မြောက်သည့်စာပေနှင့် စစ်ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်နေရန်နှင့် မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ဗိုလ်လောင်းဘဝကပင် ကြိုးစားလေ့ကျင့်သင်ယူနေရန်လိုကြောင်း။
- ဗိုလ်လောင်းများအနေဖြင့် သင်ကြားလေ့ကျင့်မှုများအပေါ် ခံယူချက်၊ ယုံကြည်ချက်ဖြင့် စာပေပညာ၊ စစ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားလေ့ကျင့်သွားရန်လိုကြောင်း။
- ယနေ့ကာလတွင် နိုင်ငံကြီးအချို့သည် ဘက်စုံစစ်ပွဲအသွင်ဖြင့် Soft Power နှင့် Hard Power များကို အသုံးပြု၍ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သို့ ကြိုးပမ်းနေသည့် နိုင်ငံငယ်များအပေါ် ပြည်တွင်းရေးဝင်ရောက်စွက်ဖက်နိုင်ရေး နည်းမျိုးစုံသုံးပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အထူးသတိထား စောင့်ကြည့်ရန်နှင့် ရင်ဆိုင်ရသောအခက်အခဲများကို နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ပေါင်းစည်းစွမ်းအားဖြင့် ညီညွတ်စွာ လက်တွဲဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ နည်းပြအရာရှိများ၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသားဗိုလ်လောင်းများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၄-၁၀-၂၀၂၃)**

- **စာပေပညာ၊ စစ်ပညာများကို သင်ကြားပေးနေသော နည်းပြများအနေဖြင့် မိမိတို့သင်ကြားပေးရသည့် ဘာသာရပ်များကို ကိုယ်တိုင်ကျွမ်းကျင်စွာတတ်မြောက်ရန်လိုအပ်ပြီး ပြောင်းလဲတိုးတက်နေသော Revolutionary of Military Affair (RMA) စစ်မှုရေးရာတော်လှန်ပြောင်းလဲမှု နည်းပညာများနှင့် လိုက်လျောညီထွေ တတ်သိနေရန်အတွက် စဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားရန်လို။**
- **နည်းပြများအနေဖြင့် အိုးကောင်းရရှိရန် အကြိမ်ကြိမ်ထုဆစ်ပြုပြင်ရသည့် အိုးထိန်းသည်ကဲ့သို့ကျင့်ကြံ၍ တပည့်များကို အကြိမ်ကြိမ်အဖန်ဖန် သွန်သင်ဆုံးမပြုပြင်ပေးနေရန်လို။**
- **ဗိုလ်လောင်းများအနေဖြင့် သင်ကြားလေ့ကျင့်မှုများအပေါ် ခံယူချက်၊ ယုံကြည်ချက်ဖြင့် စာပေပညာ၊ စစ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားလေ့ကျင့်သွားရန်လို။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၆၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အောက်တိုဘာလ ၃ ရက်တွင် ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ် ရွေးချယ်ခဲ့ပါသည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီတွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြပါသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တပ်မတော်အရာရှိကြီးများသည် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ လည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများသည် ဘုရင့်နောင်တပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ လည်းကောင်း သင်တန်းသားဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့ပြီး စစ်လက်ရုံးရွေးချယ်မှုအား ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၀-၂၀၂၃)**


- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် တာဝန်ရှိသူများသည် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) စစ်လက်ရုံးရွေးချယ်ပွဲတွင် ဗိုလ်လောင်းများအား တစ်ဦးချင်းစီတွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့ လယ်စာကို အတူတကွ သုံးဆောင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





# (၃/၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးတွင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း အပါအဝင် လုပ်ငန်းသစ် ၆ ခုကို ခွင့်ပြု





မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို အောက်တိုဘာလ ၂ ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈ ခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၆ ခုကို ခွင့်ပြုပေးခဲ့ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းလည်း ပါဝင်ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၉၈ သန်းနှင့် ငွေကျပ် ၃၁၄,၇၃၉ ဒသမ ၁၄၁ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂,၆၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူ၊ တရုတ် နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၁၀-၂၀၂၃)**

- (၃/၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈ ခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၆ ခုကို ခွင့်ပြုခဲ့။
- အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၉၈ သန်းနှင့် ငွေကျပ် ၃၁၄,၇၃၉ ဒသမ ၁၄၁ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂,၆၀၀ ကျော်ကို ဖန်တီးပေးနိုင်။
- ၂၀၂၃ ခုနှစ်၊ ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်။
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းလည်းကောင်း၊ လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိ။

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၂ ရက်တွင် နေပြည်တော်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီအလိုက် မိမိတို့တာဝန်ယူရမည့်လုပ်ငန်းများ လစ်ဟာမှုမရှိစေရေး စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်ကြရန်၊ လုပ်ငန်းများအောင်မြင်ပြီးမြောက်အောင် ပေါင်းစပ်ညှိ

နိုင်းဆောင်ရွက်သွားကြရန်နှင့် ကော်မတီအလိုက်ဘဏ္ဍာ ငွေသုံးစွဲမှု ခြိုးခြံချွေတာဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝဏ္ဏအောင်က အခမ်းအနားကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ တက်ရောက်လာသည့်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များက မိမိတို့လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြကာ ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ပါသည်။

အစည်းအဝေးသို့ NCA နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဦးစီးကော်မတီတွင်ပါဝင်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၁၀-၂၀၂၃)**

- **NCA (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က လုပ်ငန်းကော်မတီအလိုက် မိမိတို့တာဝန်ယူရမည့်လုပ်ငန်းများ လစ်ဟာမှုမရှိစေရေး စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ကော်မတီအလိုက် ဘဏ္ဍာငွေသုံးစွဲမှု ခြိုးခြံချွေတာဆောင်ရွက်သွားရန်လို ကြောင်းပြောကြားခဲ့။**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် Package Tour အစီအစဉ်ဖြင့် လာရောက်သော တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ကြိုဆိုတွေ့ဆုံ




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံရှိ International Travel Asia Travels and Tours နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ရှိ Dehong Travel ကုမ္ပဏီတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များကို အောက်တိုဘာလ ၂ ရက်က အဆိုပါဝန်ကြီးဌာန၌ ကြိုဆိုလက်ခံတွေ့ဆုံခဲ့ပါသည်။

- **ပြည်ထောင်စုဝန်ကြီးက** အွန်လိုင်းလိမ်လည်မှုများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်း လုံခြုံရေးအဖွဲ့များ၏ ဆောင်ရွက်မှုများဖြင့် ဖမ်းဆီးနှိမ်နင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ သတင်းတုသတင်းမှားများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် တရုတ်သတင်းဌာနများသို့ အမှန်သတင်းများရရှိအောင် ဖြန့်ကြားပေးလျက်ရှိကြောင်း၊ ယခုလာရောက်သူများအနေဖြင့်လည်း ခရီးစဉ်အတွင်း လက်တွေ့အမှန်တကယ် မြင်တွေ့ရသည်များကို ပြန်လည်ဖြန့်ဝေပေးစေလိုကြောင်း၊ ခရီးသွားများ သွားလာလည်ပတ်သင့်သော ခရီးစဉ်ဒေသ (၁၄) ခုကို ကြော်ငြာထားရှိကြောင်းပြောကြားခဲ့။
- **တရုတ်ခရီးသွားအဖွဲ့ခေါင်းဆောင် Mr. Dao Chengfu က** တရုတ်နိုင်ငံ၏ လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သော သတင်းတုသတင်းအမှားများကို ချေဖျက်လိုသောကြောင့် ယခုခရီးစဉ်ကို စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုခရီးစဉ်ပြီးဆုံးသွားပါက မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ၏ ကောင်းမွန်သော အတွေ့အကြုံများနှင့် အေးချမ်းသာယာမှုရှိကြောင်း သတင်းစကားများ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ခရီးသွားများ ပိုမိုလာရောက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ခိုင်မြဲသည့်အတွက် တရုတ်ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာမည်ဟု ယုံကြည်ကြောင်း ပြန်လည်ပြောကြားခဲ့။

အဆိုပါ တရုတ်နိုင်ငံသားခရီးသွားအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်က တရုတ်နိုင်ငံ မန်စီမြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာပြီး ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ကြောင်းနှင့် အဆိုပါကုမ္ပဏီများအနေဖြင့် Golf Tour များအပါအဝင် ယူနန်၊ ရွှေလီ၊ ကူမင်း၊ ရှမန်၊ ပေကျင်း၊ ဟောင်ကောင် တို့မှ တရုတ်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၁၀-၂၀၂၃)**

- **တရုတ်ခရီးသွားအဖွဲ့ခေါင်းဆောင်က တရုတ်နိုင်ငံ၏ လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သော သတင်းတုသတင်းအမှားများကို ချေဖျက်လိုသောကြောင့် ယခုခရီးစဉ်ကို စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုခရီးစဉ်ပြီးဆုံးသွားပါက မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ၏ ကောင်းမွန်သော အတွေ့အကြုံများနှင့် အေးချမ်းသာယာမှုရှိကြောင်း သတင်းစကားများ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ခရီးသွားများ ပိုမိုလာရောက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့။**

## အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲကို အောက်တိုဘာလ ၃ ရက်တွင် ပြင်ဦးလွင်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်၇၀၀)၊ ဇီဝကခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု/ကျွမ်းကျင်သူ (အရာရှိ) များ၊ သူနာပြု/ကျွမ်းကျင်သူများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာမှ ဆေးပညာရှင်များ၊ အငြိမ်းစားအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပြီး Inperson တက်ရောက်သူ စုစုပေါင်း ၃၁၄ ဦး၊ Online မှ တက်ရောက်သူ ၁၁၂ ဦးရှိကာ အောက်တိုဘာလ ၅ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတွင် Symposium of the Conference အဖြစ် Artificial Intelligence (AI) in Healthcare 4.0 ၊ ဆေးပညာရပ်ဆိုင်ရာ အကြောင်းအရာများ စွာနှင့် Special Talk ၅ ခု တို့ကို ဆွေးနွေးခဲ့ကြပြီး သုတေသနစာတမ်းများအနေဖြင့် ဘာသာရပ်ဆိုင်ရာစာတမ်း ၁၉ စောင်၊



ကျန်းမာရေးဝန်ကြီးဌာနမှ စာတမ်း ၄ စောင်နှင့် ထိုင်းဘုရင့်တပ်မတော်ဆေးရုံကြီးမှ စာတမ်း ၁ စောင် စုစုပေါင်း သုတေသနစာတမ်း ၂၄ စောင်တို့အား ပါဝင်ဖတ်ကြားတင်သွင်းခဲ့ကြပါသည်။

ဆေးဝန်ထမ်းညွှန်ကြားရေးမှူးသည် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသော ကမ္ဘောဒီးယားဆေးတပ်ဖွဲ့မှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး Kong Saly ဦးဆောင်သောအဖွဲ့၊ ထိုင်းဘုရင့်တပ်မတော်ဆေးရုံကြီး၏ ဒုတိယဆေးရုံအုပ်ကြီး ဗိုလ်မှူးချုပ် Piyalarp Watsuwat ဦးဆောင်သောအဖွဲ့၊ ဗီယက်နမ်ဆေးတပ်ဖွဲ့မှ ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် Le Van Dong ဦးဆောင်သောအဖွဲ့နှင့် လာအိုဆေးတပ်ဖွဲ့မှ ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး Phouvilay Phounsavath ဦးဆောင်သော အဖွဲ့၊ အိန္ဒိယနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပါရဂူများအား အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀)ရှိ ဧည့်ခန်းမတွင် အသီးသီးတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်များ၏ ဆေးပညာရပ်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၀-၂၀၂၃)**

- **မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ နိုင်ငံတကာမှ ဆေးပညာရှင်များ တက်ရောက်ခဲ့ပြီး Inperson စုစုပေါင်း ၃၁၄ ဦး၊ Online မှ စုစုပေါင်း ၁၁၂ ဦး တက်ရောက်ခဲ့။**
- **ဆေးဝန်ထမ်းညွှန်ကြားရေးမှူးသည် နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသော ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ အိန္ဒိယ၊ ကိုရီးယားနိုင်ငံတို့မှ ဆေးဘက်ဆိုင်ရာအကြီးအကဲများနှင့် ပါရဂူများအား တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်များ၏ ဆေးပညာရပ်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့။**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ယခုဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလ နောက်ဆုံးပတ်အထိ ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၁၇၅,၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇၆ သန်းကျော် ရရှိခဲ့။
- ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ အောက်တိုဘာလအတွင်း သင်္ဘောလိုင်း ၁၄ လိုင်းမှ နိုင်ငံတကာကုန်တင်သင်္ဘော ၄၉ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မည်ဖြစ်။

ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်များကို ပြည်ပသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းတင်ပို့မှုမှ အများဆုံးဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့သည့် ရေထွက်ကုန်များကို အများအားဖြင့် ရေခဲရိုက်သယ်ယူသွားရကြောင်းနှင့် ပြည်ပသို့ ရေထွက်ကုန်အမျိုးအစား ၃၀၀ ကျော် တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၀-၂၀၂၃)**

- **၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလ နောက်ဆုံးပတ်အထိ ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၁၇၅,၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇၆ သန်းကျော် ရရှိခဲ့။**
- **ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ အောက်တိုဘာလအတွင်း သင်္ဘောလိုင်း ၁၄ လိုင်းမှ နိုင်ငံတကာကုန်တင်သင်္ဘော ၄၉ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်မည်ဖြစ်။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- စက်တင်ဘာလ ၂၈ ရက်မှ အောက်တိုဘာလ ၃ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၃ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦး၊ ရှမ်းပြည်နယ်၌ ၂ ဦး၊ ကချင်ပြည်နယ်၌ ၁ ဦး နှင့် မွန်ပြည်နယ်၌ ၂ ဦး၊ စုစုပေါင်း ၁၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်ထိ စုစုပေါင်း ၁,၇၄၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၀-၂၀၂၃)**

- **စက်တင်ဘာလ ၁၉ ရက်မှ အောက်တိုဘာလ ၃ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၃ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦး၊ ရှမ်းပြည်နယ်၌ ၂ ဦး၊ ကချင်ပြည်နယ်၌ ၁ ဦးနှင့် မွန်ပြည်နယ်၌ ၂ ဦး၊ စုစုပေါင်း ၁၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်ထိ စုစုပေါင်း ၁,၇၄၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**

## မြန်မာနိုင်ငံသို့ ယခုနှစ်ရှစ်လတာကာလအတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ၇၅၀,၀၀၀ ကျော်ဝင်ရောက်

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားခရီးသွားဧည့်သည်များတွင် ဇန်နဝါရီလမှ ဩဂုတ်လအထိ ရှစ်လတာကာလအတွင်း နိုင်ငံတကာလေကြောင်းမှ ဝင်ရောက်လာသူ ၁၈၁,၆၃၃ ဦး၊ သင်္ဘောလိုင်းမှ ဝင်ရောက်လာသူ ၃၈၅ ဦး၊ နယ်စပ်မှ နိုင်ငံအတွင်းပိုင်းအထိ ဗီဇာဖြင့်ဝင်ရောက်လာသူ ၁၀,၉၉၉ ဦးနှင့် နယ်စပ်ဒေသများမှ Entry Permit ၊ Border Pass ၊ Temporary Border Pass အစရှိသော ဝင်ခွင့်လက်မှတ်များဖြင့် ဝင်ရောက်လည်ပတ်သူ ၅၅၈,၁၉၉ ဦး၊ စုစုပေါင်း နိုင်ငံခြားခရီးသွားဧည့်သည် ၇၅၁,၂၁၆ ဦးရှိပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ဝင်ရောက်ခဲ့သော နိုင်ငံခြားခရီးသွားဧည့်သည်ဦးရေ ၁၂၉,၂၇၂ ဦးရှိခြင်းကြောင့် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည်ဦးရေ ၆၂၁,၉၄၄ ဦးပိုမိုဝင်ရောက်ခဲ့ပြီး အဆိုပါခရီးသွား ဧည့်သည်များသည် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်၊ ချောင်းသာ၊ ပလေဝ၊ ပြင်ဦးလွင်၊ ပုဂံ၊ ကျိုက်





ထီးရိုး၊ ကျိုက်ထို၊ အင်းလေး၊ ကလော၊ တောင်ကြီးနှင့် ကော့သောင်းစသည့် ဒေသများသို့ သွားရောက်လည်ပတ်ခဲ့ပါသည်။

ယခုအခါ လာမည့်ပွင့်လင်းရာသီတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဦးစားပေး သွားလာလည်ပတ်သင့်သည့် ခရီးစဉ်ဒေသ ၁၄ ခုကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အသိပေးအကြံပြုထားပြီး ယင်းခရီးစဉ်ဒေသများနှင့်ပတ်သက်၍ www.tourism.gov.mm နှင့် www.tourisminmyanmar.com တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၁၀-၂၀၂၃)**

- **မြန်မာနိုင်ငံသို့ ယခုနှစ်ရှစ်လတာကာလအတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ၇၅၀,၀၀၀ ကျော်ဝင်ရောက်ခဲ့သဖြင့် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် နိုင်ငံခြား ခရီးသွားဧည့်သည်ဦးရေ ၆၂၁,၉၄၄ ဦးပိုမိုဝင်ရောက်ခဲ့။**
- **လာမည့်ပွင့်လင်းရာသီတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဦးစားပေးသွားလာလည်ပတ်သင့်သည့် ခရီးစဉ်ဒေသ ၁၄ ခုကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အသိပေးအကြံပြုထားပြီး ယင်းခရီးစဉ်ဒေသများနှင့်ပတ်သက်၍ www. tourism.gov.mm နှင့် www.tourisminmyanmar.com တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်။**